ပြည်ထောင်စုမြန်မာနိုင်ငံတော်

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**

**မြန်မာသမိုင်းအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၇/၂၀၀၈)

၁၃၇၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်
( ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက် )

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာသမိုင်းအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာသမိုင်းအဖွဲ့ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ခ) ၌ ပါရှိသော "ပညာရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "ယဉ်ကျေးမှုဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မြန်မာသမိုင်းအဖွဲ့ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) တို့တွင် ပါရှိသော "တက္ကသိုလ်များသမိုင်းသုတေသနဌာန" ဆိုသည့် စကားရပ်ကို "သမိုင်းသုတေသနဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၄။ မြန်မာသမိုင်းအဖွဲ့ဥပဒေပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၉။ (က) ဝန်ကြီးဌာနသည် အဖွဲ့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သမိုင်း သုတေသနဦးစီးဌာနကို ဖွဲ့စည်းထားရှိရမည်။

(ခ) သမိုင်းသုတေသနဦးစီးဌာနသည် တက္ကသိုလ်များ သမိုင်းသုတေသနဌာန၏ လုပ်ငန်းတာဝန်များ၊ ရပိုင်ခွင့်နှင့် ကြွေးမြီများကို ဆက်ခံရမည်။"

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ